ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၆ ရက်

# ဒုတိယအကြိမ်၊ လွှတ်တော်သက်တမ်းအတွင်း ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များအား ကိန်းဂဏန်းအခြေပြု ချဉ်းကပ်ခြင်း

## (၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ)

သုတေသနစာတမ်းတို အမှတ် (၁၃)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

**သုတေသနစာတမ်းတိုအမှတ် -၁၅၃**

**မာတိကာ**

| **စဉ်** | **အကြောင်းအရာ** | **စာမျက်နှာ** |
|---|---|---|


၁။ နိဒါန်း.......................................................................................................................၃

၂။ ရည်ရွယ်ချက် ...............................................................................................................၃

၃။ ဒုတိယအကြိမ်၊လွှတ်တော်သက်တမ်းတွင် ပါတီများနှင့် ကိုယ်စားလှယ်များပါဝင်မှု .............၄

၄။ ပြည်သူ့လွှတ်တော်၊ ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းများအားလေ့လာခြင်း ...................................၆

၅။ ပါတီအလိုက် ကြယ်ပွင့်ပြမေးခွန်းပါဝင်မေးမြန်းမှု ..............................................................၆

၆။ ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းအရေအတွက်များအားအသက်အုပ်စုအလိုက်ခွဲခြားလေ့လာခြင်း . ၇

၇။ မေးခွန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်း မေးမြန်းမှု အများဆုံး ကိုယ်စားလှယ်များစာရင်း .........................................................................၈

၈။ "ဝန်ကြီးဌာနများအလိုက်" ကြယ်ပွင့်ပြမေးခွန်းများ ပြန်လည်ဖြေဆိုမှုအားလေ့လာခြင်း.........၉

၉။ အဆိုဆွေးနွေးမှုများအား လေ့လာခြင်း ........................................................................၁၂

၁၀။ အဆိုများဆောင်ရွက်ပြီးစီးမှု အခြေအနေ ...................................................................၁၃

၁၁။ ပါတီအလိုက် အဆိုပါဝင် ဆွေးနွေးမှု ရာခိုင်နှုန်း ...........................................................၁၄

၁၂။ အဆိုများ ပါဝင်ဆွေးနွေးမှုအား အသက်အုပ်စုအလိုက် ခွဲခြားလေ့လာခြင်း .........................၁၅

၁၃။ ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးမှု……………………..၁၆

၁၄။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်ထောင်စုလွှတ်တော်၊ ဒုတိယအကြိမ်၊ ပထမပုံမှန် အစည်းအဝေးမှ (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ဥပဒေများဆောင်ရွက်မှု......၁၇

၁၅။ သုံးသပ်ချက် ........................................................................................................ ၂၇

၁၆။ နိဂုံး ........................................................................................................................၂၈

## နိဒါန်း

၁။ လွှတ်တော်သည် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုအာဏာရှိသော အဖွဲ့အစည်းဖြစ်ပါသည်။ မြန်မာ့လွှတ်တော်များ၏ ဥပဒေပြုရေးမဏ္ဍိုင်တွင် ပြည်သူ့လွှတ်တော်၏ အခန်းကဏ္ဍနှင့် အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုသည်လည်း အရေးကြီးသောကဏ္ဍမှ ပါဝင်နေပါသည်။ ပြည်သူ့လွှတ်တော်ရုံး၊ သုတေသနဌာနသည် ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ခု ပြီးစီးတိုင်း လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များအပေါ်အခြေခံသည့် စွမ်းဆောင်နိုင်မှုများနှင့် စပ်လျဉ်း၍ ကိန်းဂဏန်းအခြေပြုစာတမ်းတိုများ ထုတ်ဝေခဲ့ပါသည်။ ယခုစာတမ်းတိုသည် ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ ကိုယ်စားလှယ်များမှ မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှုများကို ပါတီအလိုက်၊ အသက်အုပ်စုအလိုက်တို့ဖြင့် ခွဲခြားလေ့လာထားပြီး အများဆုံး ဆွေးနွေးမေးမြန်းသည့် ကိုယ်စားလှယ်များကို ထုတ်နုတ်ဖော်ပြထားပါသည်။ ထို့အပြင် ပြည်ထောင်စုလွှတ်တော်တွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆွေးနွေးမှု အခြေအနေများနှင့် ဥပဒေပြုမှု အချက်အလက်များအား စုစည်း၍ သုတေသနပြုစု တင်ပြထားပါသည်။

## ရည်ရွယ်ချက်

၂။ ဤစာတမ်းအားရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ -

(က) လွှတ်တော်၏ လုပ်ငန်းစဉ် အဆင့်ဆင့်အား သိရှိနားလည်စေရန်၊

(ခ) ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ကို ဖော်ပြနိုင်ရန်၊

(ဂ) လွှတ်တော်နှင့် ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုနှင့် စပ်လျဉ်းသည့် ကိန်းဂဏန်း အချက်အလက်များကို လွယ်ကူစွာ ရှာဖွေမှီငြမ်းနိုင်ရန်၊

## ဒုတိယအကြိမ်၊ လွှတ်တော်သက်တမ်းတွင် ပါတီများနှင့် ကိုယ်စားလှယ်များပါဝင်မှု


၃။ ဒုတိယအကြိမ်၊ လွှတ်တော်သက်တမ်းတွင် ပါတီများနှင့် ကိုယ်စားလှယ်များပါဝင်မှု စာရင်းကို အောက်ပါအတိုင်းပြုစုထားပါသည်။

| စဉ် | ပါတီအမည် | ပြည်သူ့ | | အမျိုးသား | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | ဦးရေ | ရာခိုင်နှုန်း | ဦးရေ | ရာခိုင်နှုန်း | ဦးရေ | ရာခိုင်နှုန်း |
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) | ၂၄၈ | ၅၇.၆၇ | ၁၂၉ | ၅၈.၃၇ | ၃၇၇ | ၅၇.၉၁ |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(USDP) | ၂၉ | ၆.၇၄ | ၁၁ | ၄.၉၇ | ၄၀ | ၆.၁၄ |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) | ၁၄ | ၃.၂၅ | ၃ | ၁.၃၆ | ၁၇ | ၂.၆၁ |
| ၄။ | ရခိုင်အမျိုးသားပါတီ (ANP) | ၁၁ | ၂.၅၆ | ၉ | ၄.၀၈ | ၂၀ | ၃.၀၇ |
| ၅။ | တအောင်း (ပလောင်) အမျိုးသားပါတီ (TNP) | ၃ | ၀.၇၀ | ၂ | ၀.၉၀ | ၅ | ၀.၇၆ |
| ၆။ | ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်ပါတီ (PNO) | ၃ | ၀.၇၀ | ၁ | ၀.၄၆ | ၄ | ၀.၆၁ |
| ၇။ | ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ် (ZCD) | ၂ | ၀.၄၇ | ၂ | ၀.၉၀ | ၄ | ၀.၆၁ |
| ၈။ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ (KDUP) | ၁ | ၀.၂၃ | - | - | ၁ | ၀.၁၆ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉။ | ကချင်ပြည်နယ်ဒီမို ကရေစီပါတီ (KSDP) | ၁ | ၀.၂၃ | - | - | ၁ | ၀.၁၆ |
| ၁၀။ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ (NUP) | - | - | ၁ | ၀.၄၆ | ၁ | ၀.၁၆ |
| ၁၁။ | အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (NUD) | ၁ | ၀.၂၃ | - | - | ၁ | ၀.၁၆ |
| ၁၂။ | မွန်ညီညွတ်ရေးပါတီ (MNP) | - | - | ၁ | ၀.၄၆ | ၁ | ၀.၁၆ |
| ၁၃။ | တစ်သီးပုဂ္ဂ (INDEPENDENT) | ၇ | ၁.၆၃ | ၆ | ၂.၇၁ | ၁၃ | ၁.၉၉ |
| ၁၄။ | တပ်မတော်သား (Military) | ၁၁၀ | ၂၅.၅၈ | ၅၆ | ၂၅.၃၃ | ၁၆၆ | ၂၅.၅၀ |
| **စုစုပေါင်း** | | **၄၃၀** | **၁၀၀** | **၂၂၁** | **၁၀၀** | **၆၅၁** | **၁၀၀** |

၄။ ဒုတိယအကြိမ်၊ လွှတ်တော်သက်တမ်းတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ပါဝင်မှုရာခိုင်နှုန်းနှင့်အတူ ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းတို့ကို ရာခိုင်နှုန်းဖြင့်ဖော်ပြထားပါသည်။

အမျိုးသမီးကိုယ်စားလှယ်ပါဝင်မှုနှုန်း





## ပြည်သူ့လွှတ်တော်၊ ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းများအားလေ့လာခြင်း

၅။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ အစည်းအဝေးကို ရက်ပေါင်း (၃၉၈) ရက် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးကာလတွင် ကြယ်ပွင့်ပြ မေးခွန်းပေါင်း ၂၃၁၀ ခု ရှိသည့်အတွက် ပျမ်းမျှတစ်ရက် လျှင် မေးခွန်း (၆) ခုနှုန်း မေးမြန်းခဲ့ပါသည်။

## ပါတီအလိုက် ကြယ်ပွင့်ပြမေးခွန်းပါဝင်မေးမြန်းမှု

၆။ ပါတီအလိုက် ကြယ်ပွင့်ပြမေးခွန်း ပါဝင်မေးမြန်းမှုရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါ သည်-

## ပါတီအလိုက် ကြယ်ပွင့်ပြမေးခွန်း ပါဝင်မေးမြန်းမှု ရာခိုင်နှုန်း





*မှတ်ချက်။ ပါတီအသီးသီး၏ ရှိရင်းကိုယ်စားလှယ်အရေအတွက်အပေါ်တွင် အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။*

## ကြယ်ပွင့်ပြနှုတ်ဖြေ မေးခွန်းအရေအတွက်များအား အသက်အုပ်စုအလိုက် ခွဲခြားလေ့လာခြင်း

၇။ ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြနှုတ်ဖြေ မေးခွန်း မေးမြန်းမှုတွင် ကိုယ်စားလှယ်ပေါင်း ၂၇၈ ဦး ပါဝင်မေးမြန်းခဲ့ပြီး အသက် (၃၁ မှ ၅၅) ထိမှာ ၁၀၇ ဦး၊ အသက် (၅၆ မှ ၇၈) ထိမှာ ၁၆၉ ဦး မေးမြန်းခဲ့ကြပါသည်။ အသက်အုပ်စု ၂ခု ၏ အသက်အရွယ်အလိုက် ပါဝင်မေးမြန်းမှု ရာခိုင်နှုန်းများကို အောက်ပါအတိုင်း လေ့လာတင်ပြထားပါသည်-

**အသက်အုပ်စုအလိုက် မေးခွန်းမေးမြန်းမှု ရာခိုင်နှုန်း**




*မှတ်ချက်။ အသက်အုပ်စု (၂) ခုတွင် တပ်မတော်သား ကိုယ်စားလှယ် ၂ ဦး (၁ %) မပါဝင်ပါ။*

## မေးခွန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ကြယ်ပွင့်ပြနူတ်ဖြေမေးခွန်း မေးမြန်းမှု အများဆုံး ကိုယ်စားလှယ်များစာရင်း

၈။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ မေးခွန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အစည်းအဝေး အကြိမ် | ကြယ်ပွင့် ပြမေးခွန်း (နှုတ်ဖြေ) | ကြယ်ပွင့် ပြမေးခွန်း (စာဖြေ) | ကြယ်ပွင့် မပြ မေးခွန်း | စုစုပေါင်း ဖြေဆိုမှု | ဆွေးနွေးခဲ့ သည့် ရက်ပေါင်း | ပျှမ်းမျှ(၁) ရက် ကြယ်ပွင့်ပြ |
|---|---|---|---|---|---|---|---|
| ၁။ | ပထမအကြိမ် | ၈၃ | ၃၈ | ၂၃၀ | ၃၅၁ | ၄၃ ရက် | ၂ ခု |
| ၂။ | ဒုတိယအကြိမ် | ၂၂၅ | ၃၈ | ၄၇၇ | ၇၄၀ | ၄၇ ရက် | ၅ ခု |
| ၃။ | တတိယအကြိမ် | ၁၁၇ | ၁၉ | ၃၈၅ | ၅၂၁ | ၁၉ ရက် | ၆ ခု |
| ၄။ | စတုတ္ထအကြိမ် | ၉၂ | ၂၉ | ၅၃၁ | ၆၅၂ | ၁၉ ရက် | ၅ ခု |
| ၅။ | ပဉ္စမအကြိမ် | ၃၁၀ | ၅၇ | ၉၀၃ | ၁၂၇၀ | ၅၄ ရက် | ၆ ခု |
| ၆။ | ဆဋ္ဌမအကြိမ် | ၈၈ | ၃၉ | ၅၃၄ | ၆၆၁ | ၁၆ ရက် | ၆ ခု |
| ၇။ | သတ္တမအကြိမ် | ၁၉၁ | ၅၁ | ၈၇၉ | ၁၁၂၁ | ၃၃ ရက် (အစုအဖွဲ့ ၁ရက်ပါ) | ၆ ခု |
| ၈။ | အဋ္ဌမအကြိမ် | ၁၀၉ | ၃၁ | ၅၄၈ | ၆၈၈ | ၁၈ ရက် | ၆ ခု |
| ၉။ | နဝမအကြိမ် | ၁၂၃ | ၃၅ | ၃၄၂ | ၅၀၀ | ၁၉ ရက် | ၇ ခု |
| ၁၀။ | ဒသမအကြိမ် | ၁၂၇ | - | ၈၅၂ | ၉၇၉ | ၁၇ ရက် | ၈ ခု |
| ၁၁။ | (၁၁)ကြိမ်မြောက် | ၁၇၂ | ၈ | ၇၈၇ | ၉၆၇ | ၂၅ ရက် | ၇ ခု |
| ၁၂။ | (၁၂)ကြိမ်မြောက် | ၁၃၁ | ၁၀၉ | ၄၅၄ | ၆၉၄ | ၁၆ ရက် | ၈ ခု |
| ၁၃။ | (၁၃)ကြိမ်မြောက် | ၁၆၄ | ၇ | ၇၅၅ | ၉၂၆ | ၂၃ ရက် | ၇ ခု |
| ၁၄။ | (၁၄)ကြိမ်မြောက် | ၁၂၈ | ၁၀ | ၈၅၁ | ၉၈၉ | ၁၈ ရက် | ၇ ခု |
| ၁၅။ | (၁၅)ကြိမ်မြောက် | ၉၇ | ၁၄ | ၁၀၀၈ | ၁၁၁၉ | ၁၃ ရက် | ၇ ခု |
| ၁၆။ | (၁၆)ကြိမ်မြောက် | ၄၆ | ၄ | ၂၄၀ | ၂၉၀ | ၆ ရက် | ၈ ခု |
| ၁၇။ | (၁၇)ကြိမ်မြောက် | ၁၀၇ | ၃၁ | ၄၈၅ | ၆၂၃ | ၁၂ ရက် | ၉ ခု |
| **စုစုပေါင်း** | | **၂၃၁၀** | **၅၂၀** | **၁၀၂၆၁** | **၁၃၀၉၁** | **၃၉၈ ရက်** | - |

| စဉ် | အစည်းအဝေး အကြိမ် | ကြယ်ပွင့် ပြမေးခွန်း (နှုတ်ဖြေ) | ကြယ်ပွင့် ပြမေးခွန်း (စာဖြေ) | ကြယ်ပွင့် မပြ မေးခွန်း | စုစုပေါင်း ဖြေဆိုမှု | ဆွေးနွေးခဲ့ သည့် ရက်ပေါင်း | ပျှမ်းမျှ(၁) ရက် ကြယ်ပွင့်ပြ |
|---|---|---|---|---|---|---|---|

*မှတ်ချက်။ လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း(နှုတ်ဖြေ)မေးမြန်းမှုသည် လွှတ်တော်သက်တမ်းကြာလာသည်နှင့်အမျှ တိုးတက်လာကြောင်း တွေ့ရှိရပါသည်။*

၉။ ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက်ပုံမှန်အည်းအဝေးအထိ ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်း (၂၃၁၀) ခုကို ကိုယ်စားလှယ် (၂၇၈) ဦးမှ မေးမြန်းခဲ့ပါသည်။ ထိုမေးမြန်းခဲ့သော ကိုယ်စားလှယ်များအနက် အများဆုံးမေးမြန်းခဲ့သော ကိုယ်စားလှယ် (၄) ဦးကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြထားပါသည်-

| စဉ် | ကိုယ်စားလှယ် | မဲဆန္ဒနယ် | ပါတီ |
|---|---|---|---|
| ၁။ | ဦးခင်ချို | လှိုင်းဘွဲ့ | NLD |
| ၂။ | ဦးစိုင်းဝေါင်ဆိုင်ဟိန်း | မောက်မယ် | USDP |
| ၃။ | ဦးမြင့်ဦး | သနပ်ပင် | NLD |
| ၄။ | ဦးဝင်းဝင်း | မင်းဘူး | NLD |

## “ဝန်ကြီးဌာနများအလိုက်” ကြယ်ပွင့်ပြမေးခွန်းများ ပြန်လည်ဖြေဆိုမှုအားလေ့လာခြင်း

၁၀။ ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ “ဝန်ကြီးဌာနများအလိုက်ပြန်လည်ဖြေဆိုမှု” များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဝန်ကြီးဌာနအမည်များ | မေးခွန်းပုဒ်ရေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံး | ၂၀ | ၀.၈၇% |
| ၂။ | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် | ၂၀ | ၀.၈၇% |
| ၃။ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၅ | ၀.၂၂% |
| ၄။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၄ | ၀.၁၇% |
| ၅။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁၀ | ၀.၄၃% |

| စဉ် | ဝန်ကြီးဌာနအမည်များ | မေးခွန်းပုဒ်ရေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၆။ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၄၄ | ၆.၂၃% |
| ၇။ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၄ | ၀.၁၇% |
| ၈။ | ကာကွယ်ရေးဝန်ကြီးဌာန | ၂၅ | ၁.၀၈% |
| ၉။ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၇၀ | ၃.၀၃% |
| ၁၀ | ပြန်ကြားရေးဝန်ကြီးဌာန | ၂၅ | ၁.၀၈% |
| ၁၁။ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန | ၃၉ | ၁.၇၀% |
| ၁၂။ | သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန | ၂၁ | ၀.၉၁% |
| ၁၃။ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၃၄၇ | ၁၅.၀၂% |
| ၁၄။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန | ၁၈၀ | ၇.၇၉% |
| ၁၅ ။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၉၈ | ၄.၂၄% |
| ၁၆ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၁၆၅ | ၇.၁၄% |
| ၁၇ ။ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၅၀ | ၂.၁၆% |
| ၁၈ ။ | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန | ၂၇ | ၁.၁၇% |
| ၁၉ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | ၉၃ | ၄.၀၃% |
| ၂၀။ | ပညာရေးဝန်ကြီးဌာန | ၂၇၂ | ၁၁.၇၇% |
| ၂၁။ | ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန | ၂၃၈ | ၁၀.၃၀% |
| ၂၂။ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန | ၅ | ၀.၂၂% |

| စဉ် | ဝန်ကြီးဌာနအမည်များ | မေးခွန်းပုဒ်ရေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၂၃။ | အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ၁ | ၀.၀၄% |
| ၂၄။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၃၂၃ | ၁၃.၉၈% |
| ၂၅။ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၃၉ | ၁.၇၀% |
| ၂၆။ | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန | ၁၂ | ၀.၅၂% |
| ၂၇။ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၄ | ၀.၁၇% |
| ၂၈။ | နေပြည်တော်ကောင်စီ | ၅၃ | ၂.၃၀% |
| ၂၉။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၂ | ၀.၅၂% |
| ၃၀ | မြန်မာနိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုကော်မရှင် | ၁ | ၀.၀၄% |
| ၃၁။ | လွှတ်တော်အခွင့်အရေးကော်မတီ | ၂ | ၀.၀၉% |
| ၃၂။ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၁ | ၀.၀၄% |
| **စုစုပေါင်း** | | **၂၃၁၀** | ၁၀၀ % |

၁၁။ ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေးထိ မေးမြန်းခဲ့သော မေးခွန်းများကို လွှတ်တော်သို့ လာရောက်ဖြေကြားပေးခဲ့သည့် ဝန်ကြီးဌာနများအနက် အများဆုံး ဖြေကြားပေးခဲ့သည့် ဝန်ကြီးဌာနများမှာ-

(က)စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန - ၁၅.၀၂%

(ခ)ဆောက်လုပ်ရေး ဝန်ကြီးဌာန -၁၃.၉၈%


(ဂ) ပညာရေးဝန်ကြီးဌာန -၁၁.၇၇ % နှင့်

(ဃ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန -၁၀.၃၀% ကို ဖြေကြားခဲ့ပါသည်။

## အဆိုဆွေးနွေးမှုများအား လေ့လာခြင်း

၁၂။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၇) ရက်နေ့အထိ အစည်းအဝေး ရက်ပေါင်း (၃၉၈) ရက် ကျင်းပခဲ့ပြီး အတည်ပြုအဆို (၇၇) ခု၊ မှတ်တမ်းတင်အဆို (၇၃) ခု၊ အတည်မပြုအဆို (၅) ခု၊ ရုပ်သိမ်းအဆို (၁) ခု၊ ဆက်လက် ဆွေးနွေးရန်မသင့်/မရှိ အဆို (၅) ခု၊ တာဝန်မှ ရုပ်သိမ်းရန်အဆို (၁) ခု စုစုပေါင်း (၁၆၂) ခု တင်သွင်းခဲ့ပါသည်။ အဆိုများဆွေးနွေးပြီးစီးမှု ရာခိုင်နှုန်းကို အောက်ပါအတိုင်းဖော်ပြထား ပါသည်-

**အဆိုများ ဆောင်ရွက်ပြီးစီးမှု ရာခိုင်နှုန်း**




*မှတ်ချက်။*

*အထက်ပါ Pie Chart တွင် ဆက်လက်ဆွေးနွေးရန်မသင့်/မရှိ အဆို (၅) ခု (၃ %) နှင့် တာဝန်မှ ရုပ်သိမ်းရန်အဆို (၁) ခု (၁ %) တို့ မပါဝင်ပါ။*

## အဆိုများဆောင်ရွက်ပြီးစီးမှု အခြေအနေ

၁၃။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ အဆိုများ ဆောင်ရွက်ပြီးစီးမှုအခြေအနေပြဇယားကို အောက်ပါအတိုင်း တင်ပြထားပါသည်-


| စဉ် | ပုံမှန်အစည်းအဝေး | အတည်ပြု | | မှတ်တမ်းတင် | | အတည်မပြု | | ရုပ်သိမ်း | | ဆွေးနွေးရန်မသင့် | အရေးယူဆောင်ရွက်ရန်မရှိ | စုစုပေါင်း | ရက်ပေါင်း | အဆို(၁)ခုလျှင်ပျမ်းမျှရက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရိုးရိုး | အရေးကြီး | ရိုးရိုး | အရေးကြီး | ရိုးရိုး | အရေးကြီး | ရိုးရိုး | အရေးကြီး | ရိုးရိုး | တာဝန်မှရုပ်သိမ်းရန်အတိ | | | |
| ၁ | ပထမ | ၂ | ၄ | ၂ | ၂ | ၁ | - | ၁ | - | - | - | ၁၂ | ၄၃ | ၃ရက် |
| ၂ | ဒုတိယ | ၃ | ၁ | ၉ | - | ၁ | ၁ | - | - | ၁ | - | ၁၆ | ၄၇ | ၃ရက် |
| ၃ | တတိယ | - | - | ၅ | ၁ | - | - | - | - | - | - | ၆ | ၁၉ | ၃ရက် |
| ၄ | စတုတ္ထ | ၆ | - | ၅ | - | - | - | - | - | - | - | ၁၁ | ၁၉ | ၂ရက် |
| ၅ | ပဉ္စမ | ၁၀ | ၁ | ၁၁ | ၁ | - | - | - | - | - | - | ၂၃ | ၅၄ | ၂ရက် |
| ၆ | ဆဋ္ဌမ | ၄ | - | ၃ | - | - | - | - | - | - | - | ၇ | ၁၆ | ၂ရက် |
| ၇ | သတ္တမ | ၂ | - | ၇ | - | - | - | - | - | - | - | ၉ | ၃၃ (အစုအဖွဲ့ ၁ရက် | ၄ ရက် |
| ၈ | အဋ္ဌမ | ၄ | - | ၃ | - | - | ၁ | - | - | ၁ | - | ၉ | ၁၈ | ၂ ရက် |
| ၉ | နဝမ | ၆ | - | ၅ | - | - | - | - | - | - | - | ၁၁ | ၁၉ | ၂ ရက် |
| ၁၀ | ဒသမ | ၃ | - | ၃ | - | - | - | - | - | - | - | ၆ | ၁၇ | ၃ ရက် |
| ၁၁။ | (၁၁)ကြိမ် | ၉ | - | ၄ | - | - | - | - | - | ၂ | - | ၁၅ | ၂၅ | ၁ရက် |
| ၁၂။ | (၁၂)ကြိမ် | ၈ | - | ၃ | - | - | - | - | - | - | - | ၁၁ | ၁၆ | ၂ ရက် |
| ၁၃။ | (၁၃)ကြိမ် | ၇ | - | ၆ | - | - | - | - | - | - | - | ၁၃ | ၂၃ | ၂ ရက် |
| ၁၄။ | (၁၄)ကြိမ် | ၂ | - | - | - | ၁ | - | - | - | - | - | ၃ | ၁၈ | ၆ ရက် |
| ၁၅။ | (၁၅)ကြိမ် | - | - | - | - | - | - | - | - | - | - | - | ၁၃ | - |
| ၁၆။ | (၁၆)ကြိမ် | - | - | - | - | - | - | - | - | - | ၁ | ၁ | ၆ | ၁ရက် |
| ၁၇။ | (၁၇)ကြိမ် | ၅ | - | ၃ | - | - | - | - | - | ၁ | - | ၉ | ၁၂ | ၁ရက် |

| စဉ် | ပုံမှန်အစည်းအဝေး | အတည်ပြု | | မှတ်တမ်းတင် | | အတည်မပြု | | ရုပ်သိမ်း | | ဆွေးနွေးရန်မသင့် | အရေးယူဆောင်ရွက်ရန်မရှိ | စုစုပေါင်း | ရက်ပေါင်း | အဆို(၁)ခုလျှင်ပျမ်းမျှရက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရိုးရိုး | အရေးကြီး | ရိုးရိုး | အရေးကြီး | ရိုးရိုး | အရေးကြီး | ရိုးရိုး | အရေးကြီး | ရိုးရိုး | တာဝန်မှရုပ်သိမ်းရန် | | | |
| စုစုပေါင်း | | ၇၁ | ၆ | ၆၉ | ၄ | ၃ | ၂ | ၁ | - | ၄ | ၁ | ၁၆၂ | ၃၉၈ | |

**ပါတီအလိုက် အဆိုပါဝင် ဆွေးနွေးမှုရာခိုင်နှုန်း**

၁၄။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ပါတီအလိုက် အဆိုများပါဝင်ဆွေးနွေးမှု ရာခိုင်နှုန်းကို အောက်ပါအတိုင်း တင်ပြထားဖြစ်ပါသည်-

**ပါတီအလိုက် အဆိုပါဝင်ဆွေးနွေးမှု ရာခိုင်နှုန်း**





*မှတ်ချက်။ ပါတီအသီးသီး၏ ရှိရင်းကိုယ်စားလှယ်အရေအတွက်အပေါ်တွင် အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။*

## အဆိုများ ပါဝင်ဆွေးနွေးမှုအား အသက်အုပ်စုအလိုက် ခွဲခြားလေ့လာခြင်း

၁၅။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ အဆိုပါဝင် ဆွေးနွေးမှုတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၂၈၈) ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၅) ဦး စုစုပေါင်း ကိုယ်စားလှယ်ပေါင်း (၃၈၃) ဦး ပါဝင်ဆွေးနွေးခဲ့ပြီး ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အသက် (၃၁ မှ ၅၅) ထိ မှာ ၁၁၉ ဦးရှိပြီး အသက် (၅၆ မှ ၇၈) ထိ မှာ ၁၆၉ ဦး ရှိပါသည်။ အသက်အုပ်စု ၂ ခု၏ အသက်အရွယ်အလိုက် ပါဝင်မေးမြန်းမှု ရာခိုင်နှုန်းများကို အောက်ပါအတိုင်း လေ့လာတင်ပြထားပါသည်-

### အသက်အုပ်စုအလိုက် အဆိုပါဝင်ဆွေးနွေးမှု ရာခိုင်နှုန်း




*မှတ်ချက်။ အသက်အုပ်စု (၂) ခုတွင် တပ်မတော်သားကိုယ်စားလှယ်(၂၅ %) မပါဝင်ပါ။*

၁၆။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေးထိ အဆိုပါဝင်ဆွေးနွေးမှု အများဆုံးကိုယ်စားလှယ် (၃) ဦးကို အောက်ပါအတိုင်း တင်ပြထားပါသည်-


| စဉ် | ကိုယ်စားလှယ် | မဲဆန္ဒနယ် | ပါတီ |
|---|---|---|---|
| ၁။ | ဒေါက်တာခင်စည်သူ | လှိုင်ကော် | NLD |

| | | | |
|---|---|---|---|
| ၂။ | ဦးကျော်အောင်လွင် | စေတုတ္တရာ | NLD |
| ၃။ | ဒေါ်ဝင့်ဝါထွန်း | ရှားတော | NLD |

## ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးမှု

၁၇။ ဒုတိယအကြိမ်၊ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်း၊ အမျိုးသားစီမံကိန်း၊ ချေးငွေ၊ ကြွေးမြီ၊ MOU ကိစ္စရပ်များ၊ အခွန်ကိစ္စရပ်များ၊ အစီရင်ခံစာများစသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုပေါင်း အကြိမ်အရေအတွက် ၃၁၄၉ (ပြည်သူ့-၂၀၂၈/ အမျိုးသား-၁၁၂၁) ကြိမ်ကို ဆွေးနွေးခဲ့ပါသည်။ ကိုယ်စားလှယ်များ၏ ပါဝင်ဆွေးနွေးမှု ရာခိုင်နှုန်းများကို အောက်ပါအတိုင်း တင်ပြထားပါသည်-

**ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်များ၏ ပါဝင်ဆွေးနွေးမှု**




*မှတ်ချက်။ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးသည့် ဆွေးနွေးမှု အကြိမ်အရေအတွက်ပေါ်တွင် အခြေခံ၍ တွက်ချက်ထားပါသည်။*

## ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်ထောင်စုလွှတ်တော်၊ ဒုတိယအကြိမ်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ဥပဒေများဆောင်ရွက်မှု

၁၈။ ပထမပုံမှန် အစည်းအဝေးမှ (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ဥပဒေများ ဆောင်ရွက်မှုများမှာ-

| စဉ် | ခုနှစ် | အသစ်ပြဋ္ဌာန်း | ပြင်ဆင် | ရုပ်သိမ်း | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ၂၀၁၆ | ၅ | ၈ | ၆ | ၁၉ |
| ၂။ | ၂၀၁၇ | ၁၄ | ၁၄ | ၁ | ၂၉ |
| ၃။ | ၂၀၁၈ | ၁၉ | ၁၅ | ၂ | ၃၆ |
| ၄။ | ၂၀၁၉ | ၂၈ | ၁၂ | - | ၄၀ |
| ၅။ | ၂၀၂၀ | ၁၂ | ၆ | - | ၁၈ |
| **စုစုပေါင်း** | | **၇၈** | **၅၅** | **၉** | **၁၄၂** |

### ပြဋ္ဌာန်းပြီးသည့်ဥပဒေများ

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၁။ | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ (၂၆/၂၀၁၆) | ၆-၄-၂၀၁၆ |
| ၂။ | ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ (၃၈/၂၀၁၆) | ၄-၁၀-၂၀၁၆ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၃။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၄၀/၂၀၁၆) | ၁၈-၁၀-၂၀၁၆ |
| ၄။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(၄၃/၂၀၁၆) | ၂၀-၁၂-၂၀၁၆ |
| ၅။ | သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ(၄၄/၂၀၁၆) | ၃၀-၁၂-၂၀၁၆ |
| ၆။ | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ(၄/၂၀၁၇) | ၁-၃-၂၀၁၇ |
| ၇။ | နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ(၅/၂၀၁၇) | ၈-၃-၂၀၁၇ |
| ၈။ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(၆/၂၀၁၇) | ၂၄-၃-၂၀၁၇ |
| ၉။ | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(၇/၂၀၁၇) | ၂၄-၃-၂၀၁၇ |
| ၁၀။ | ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံ ခွန်ဥပဒေ(၉/၂၀၁၇) | ၅-၇-၂၀၁၇ |
| ၁၁။ | ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေ(၁၃/၂၀၁၇) | ၁၇-၇-၂၀၁၇ |
| ၁၂။ | မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ(၁၄/၂၀၁၇) | ၁၇-၇-၂၀၁၇ |
| ၁၃။ | ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေ(၁၅/၂၀၁၇) | ၁၇-၇-၂၀၁၇ |
| ၁၄။ | တရားခံလွှဲပြောင်းရေးဥပဒေ(၁၆/၂၀၁၇) | ၂၁-၇-၂၀၁၇ |
| ၁၅။ | ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေ(၂၀/၂၀၁၇) | ၁-၈-၂၀၁၇ |
| ၁၆။ | တာတမံဥပဒေ(၂၂/၂၀၁၇) | ၈-၈-၂၀၁၇ |
| ၁၇။ | ဆည်မြောင်းဥပဒေ(၂၇/၂၀၁၇) | ၃၁-၈-၂၀၁၇ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၁၈။ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ(၂၈/၂၀၁၇) | ၁၇-၁၁-၂၀၁၇ |
| ၁၉။ | မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၉/၂၀၁၇) | ၆-၁၂-၂၀၁၇ |
| ၂၀။ | စာရင်းအင်းဥပဒေ(၁/၂၀၁၈) | ၂၂-၁-၂၀၁၈ |
| ၂၁။ | မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ(၄/၂၀၁၈) | ၈-၂-၂၀၁၈ |
| ၂၂။ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်း ဥပဒေ (၇/၂၀၁၇) | ၉-၃-၂၀၁၈ |
| ၂၃။ | ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(၈/၂၀၁၈) | ၉-၃-၂၀၁၈ |
| ၂၄။ | စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ(၉/၂၀၁၈) | ၂၀-၃-၂၀၁၈ |
| ၂၅။ | ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ(၁၀/၂၀၁၈) | ၃၀-၃-၂၀၁၆ |
| ၂၆။ | ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ(၁၂/၂၀၁၈) | ၂၁-၅-၂၀၁၈ |
| ၂၇။ | ၂၀၁၈ ခုနှစ်၊ မြန်မာ့သမိုင်းအဖွဲ့ဥပဒေ(၁၅/၂၀၁၈) | ၇-၆-၂၀၁၈ |
| ၂၈။ | လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ (၁၇/၂၀၁၈) | ၁၃-၆-၂၀၁၈ |
| ၂၉။ | သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ(၂၂/၂၀၁၈) | ၂၅-၆-၂၀၁၈ |
| ၃၀။ | အခွန်အယူခံခုံဥပဒေ (၂၃/၂၀၁၈) | ၂-၈-၂၀၁၈ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၃၁။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၆/၂၀၁၈) | ၁၈-၉-၂၀၁၈ |
| ၃၂။ | မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ(၂၇/၂၀၁၈) | ၁၈-၉-၂၀၁၈ |
| ၃၃။ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ(၂၈/၂၀၁၈) | ၂၀-၉-၂၀၁၈ |
| ၃၄။ | သစ်တောဥပဒေ (၂၉/၂၀၁၈) | ၂၁-၉-၂၀၁၈ |
| ၃၅။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရသုံးဆိုင်ရာဥပဒေ (၃၀/၂၀၁၈) | ၂၁-၉-၂၀၁၈ |
| ၃၆။ | ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ(၃၂/၂၀၁၈) | ၂၆-၉၂၀၁၈ |
| ၃၇။ | ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (၃၄/၂၀၁၈) | ၁၁-၁၂-၂၀၁၈ |
| ၃၈။ | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ(၃၅/၂၀၁၈) | ၁၁-၁၂-၂၀၁၈ |
| ၃၉။ | မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ(၁/၂၀၁၉) | ၂၅-၁-၂၀၁၉ |
| ၄၀။ | စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ(၂/၂၀၁၉) | ၃၀-၁-၂၀၁၉ |
| ၄၁။ | ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ(၃/၂၀၁၉) | ၃၀-၁-၂၀၁၉ |
| ၄၂။ | မြန်မာ့ကျောက်မျက်ရတနာဥပဒေ(၄/၂၀၁၉) | ၃၀-၁-၂၀၁၉ |
| ၄၃။ | ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ(၆/၂၀၁၉) | ၁-၃-၂၀၁၉ |
| ၄၄။ | တီထွင်မှု မူပိုင်ခွင့်ဥပဒေ (၇/၂၀၁၉) | ၁၁-၃-၂၀၁၉ |
| ၄၅။ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ | ၁၅-၃-၂၀၁၉ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| | (၈/၂၀၁၉) | |
| ၄၆။ | စားသုံးသူကာကွယ်ရေးဥပဒေ(၉/၂၀၁၉) | ၁၅-၃-၂၀၁၉ |
| ၄၇။ | နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေ(၁၁/၂၀၁၉) | ၂၅-၃-၂၀၁၉ |
| ၄၈။ | လောင်းကစားဥပဒေ (၁၃/၂၀၁၉) | ၇-၅-၂၀၁၉ |
| ၄၉။ | စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ(၁၅/၂၀၁၉) | ၂၄-၅-၂၀၁၉ |
| ၅၀။ | တံတားကြီးများဥပဒေ(၁၆/၂၀၁၉) | ၄-၆-၂၀၁၉ |
| ၅၁။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ(၁၈/၂၀၁၉) | ၄-၆-၂၀၁၉ |
| ၅၂။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ(၂၀/၂၀၁၉) | ၁၀-၆-၂၀၁၉ |
| ၅၃။ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၂/၂၀၁၉) | ၂၄-၇-၂၀၁၉ |
| ၅၄။ | မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေ(၂၃/၂၀၁၉) | ၆-၈-၂၀၁၉ |
| ၅၅။ | မြေသိမ်းဆည်းခြင်း၊ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ဆိုင်ရာဥပဒေ (၂၄/၂၀၁၉) | ၂၀-၈-၂၀၁၉ |
| ၅၆။ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းဥပဒေ(၂၆/၂၀၁၉) | ၁၃-၉-၂၀၁၉ |
| ၅၇။ | ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဥပဒေ(၂၇/၂၀၁၉) | ၁၇-၉-၂၀၁၉ |
| ၅၈။ | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ (၂၈/၂၀၁၉) | ၁၇-၉-၂၀၁၉ |
| ၅၉။ | အပင်မျိုးသစ်ကာကွယ်ပေးရေးဥပဒေ (၂၉/၂၀၁၉) | ၂၅-၉-၂၀၁၉ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၆၀။ | ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေပြဋ္ဌာန်း (၃၀/၂၀၁၉) | ၂၅-၉-၂၀၁၉ |
| ၆၁။ | စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ(၃၁/၂၀၁၉) | ၈-၁၁-၂၀၁၉ |
| ၆၂။ | မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာဘွဲ့၊ဒီပလိုမာနှင့်လက်မှတ်များဥပဒေ (၃၃/၂၀၁၉) | ၅-၁၂-၂၀၁၉ |
| ၆၃။ | အခြေခံပညာရေးဥပဒေ(၃၄/၂၀၁၉) | ၁၁-၁၂-၂၀၁၉ |
| ၆၄။ | သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ(၃၅/၂၀၁၉) | ၂၇-၁၂-၂၀၁၉ |
| ၆၅။ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(၃၉/၂၀၁၉) | ၃၀-၁၂-၂၀၁၉ |
| ၆၆။ | အမျိုးသားမှတ်တမ်းမော်ကွန်းဥပဒေ(၄၀/၂၀၁၉) | ၃၀-၁၂-၂၀၁၉ |
| ၆၇။ | လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ (၁/၂၀၂၀) | ၁၄-၂-၂၀၂၀ |
| ၆၈။ | မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေ (၄/၂၀၂၀) | ၃၀-၃-၂၀၂၀ |
| ၆၉။ | ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ | ၃-၉-၂၀၂၀ |
| ၇၀။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေ | ၃၁-၈-၂၀၂၀ |
| ၇၁။ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ | ၂၇-၈-၂၀၂၀ |
| ၇၂။ | အမျိုးသားစာကြည့်တိုက်ဥပဒေ | ၂၆-၈-၂၀၂၀ |
| ၇၃။ | တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၂၆-၈-၂၀၂၀ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၇၄။ | ကျန်းမာရေးမှုုနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီဥပဒေ | ၇-၈-၂၀၂၀ |
| ၇၅။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲ တင်သွင်းခြင်း ဆိုင်ရာဥပဒေ | ၅-၆-၂၀၂၀ |
| ၇၆။ | ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ | ၁-၆-၂၀၂၀ |
| ၇၇။ | စက်မှုဇုန်ဥပဒေ | ၂၇-၅-၂၀၂၀ |
| ၇၈။ | ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ | ၂၇-၅-၂၀၂၀ |

## ပြင်ဆင်ခဲ့သည့်ဥပဒေများ

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၁။ | ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ (၃၀/၂၀၁၆) | ၈-၆-၂၀၁၆ |
| ၂။ | အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ (၃၁/၂၀၁၆) | ၈-၆-၂၀၁၆ |
| ၃။ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ(၃၂/၂၀၁၆) | ၈-၆-၂၀၁၆ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၄။ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(၃၃/၂၀၁၆) | ၂၉-၇-၂၀၁၆ |
| ၅။ | ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၃၆/၂၀၁၆) | ၃၁-၈-၂၀၁၆ |
| ၆။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၃၇/၂၀၁၆) | ၃၁-၈-၂၀၁၆ |
| ၇။ | ရပ်ကွက် (သို့) ကျေးရွာအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(၄၁/၂၀၁၆) | ၂-၁၂-၂၀၁၆ |
| ၈။ | နိုင်ငံ့ဝန်ထမ်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေ(၄၂/၂၀၁၆) | ၉-၁၂-၂၀၁၆ |
| ၉။ | ဥပဒေဘာသာပြန်ကော်မရှင်ကိုပြင်ဆင်သည့်ဥပဒေ (၁/၂၀၁၇) | ၈-၂-၂၀၁၇ |
| ၁၀။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂/၂၀၁၇) | ၂၈-၂-၂၀၁၇ |
| ၁၁။ | ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (၃/၂၀၁၇) | ၁-၃-၂၀၁၇ |
| ၁၂။ | ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၈/၂၀၁၇) | ၂၆-၅-၂၀၁၇ |
| ၁၃။ | မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၀/၂၀၁၇) | ၆-၇-၂၀၁၇ |
| ၁၄။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၁/၂၀၁၇) | ၁၁-၇-၂၀၁၇ |
| ၁၅။ | အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၇/၂၀၁၇) | ၂၆-၇-၂၀၁၇ |
| ၁၆။ | အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၁၈/၂၀၁၇) | ၃၁-၇-၂၀၁၇ |
| ၁၇။ | မြန်မာနိုင်ငံတံဆိပ်ခေါင်းအက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉/၂၀၁၇) | ၁-၈-၂၀၁၇ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၁၈။ | အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၇) | ၄-၈-၂၀၁၇ |
| ၁၉။ | အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၃/၂၀၁၇) | ၁၅-၈-၂၀၁၇ |
| ၂၀။ | မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၄/၂၀၁၇) | ၁၅-၈-၂၀၁၇ |
| ၂၁။ | ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၅/၂၀၁၇) | ၁၈-၈-၂၀၁၇ |
| ၂၂။ | ဆက်သွယ်ရေးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၆/၂၀၁၇) | ၂၉-၈-၂၀၁၇ |
| ၂၃။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂/၂၀၁၈) | ၂၂-၁-၂၀၁၈ |
| ၂၄။ | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၆/၂၀၁၈) | ၁၅-၂-၂၀၁၈ |
| ၂၅။ | အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ရှားသည့်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၁၁/၂၀၁၈) | ၅-၄-၂၀၁၈ |
| ၂၆။ | ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၃/၂၀၁၈) | ၆-၆-၂၀၁၈ |
| ၂၇။ | ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၁၄/၂၀၁၈) | ၆-၆-၂၀၁၈ |
| ၂၈။ | နိုင်ငံ့ဝန်ထမ်း ဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ(၁၆/၂၀၁၈) | ၁၃-၆-၂၀၁၈ |
| ၂၉။ | မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၁၈/၂၀၁၈) | ၂၂-၆-၂၀၁၈ |
| ၃၀။ | ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေ | ၂၂-၆-၂၀၁၈ |
| ၃၁။ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ(၂၀/၂၀၁၈) | ၂၂-၆-၂၀၁၈ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၃၂။ | ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၁/၂၀၁၈) | ၂၂-၆-၂၀၁၈ |
| ၃၃။ | မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၄/၂၀၁၈) | ၁၂-၉-၂၀၁၈ |
| ၃၄။ | ပြည်သူ့ကြွေးမြီစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၅/၂၀၁၈) | ၁၄-၉-၂၀၁၈ |
| ၃၅။ | မြန်မာ့ပုလဲလုပ်ငန်းဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (၃၁/၂၀၁၈) | ၂၆-၉-၂၀၁၈ |
| ၃၆။ | ပင်လယ်ရေကြောင်းအကောက်အခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၃၃/၂၀၁၈) | ၇-၁၂-၂၀၁၈ |
| ၃၇။ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(၃၆/၂၀၁၈) | ၁၈-၁၂-၂၀၁၈ |
| ၃၈။ | မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၅/၂၀၁၉) | ၃၁-၁-၂၀၁၉ |
| ၃၉။ | ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ(၁၀/၂၀၁၉) | ၂၅-၃-၂၀၁၉ |
| ၄၀။ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၁၂/ ၂၀၁၉) | ၂၅-၃-၂၀၁၉ |
| ၄၁။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(၁၄/၂၀၁၉) | ၁၇-၅-၂၀၁၉ |
| ၄၂။ | အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ(၁၇/၂၀၁၉) | ၄-၆-၂၀၁၉ |
| ၄၃။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၁၉/၂၀၁၉) | ၆-၆-၂၀၁၉ |
| ၄၄။ | တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၁/၂၀၁၉) | ၁၁-၆-၂၀၁၉ |
| ၄၅။ | ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ (၂၅/၂၀၁၉) | ၂၁-၈-၂၀၁၉ |
| ၄၆။ | မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၃၂/၂၀၁၉) | ၂၆-၁၁-၂၀၁၉ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၄၇။ | ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေ (၃၆/၂၀၁၉) | ၂၇-၁၂-၂၀၁၉ |
| ၄၈။ | အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေ(၃၇/၂၀၁၉) | ၂၇-၁၂-၂၀၁၉ |
| ၄၉၊ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေ(၃၈/၂၀၁၉) | ၂၇-၁၂-၂၀၁၉ |
| ၅၀။ | လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂/၂၀၂၀) | ၁၄-၂-၂၀၂၀ |
| ၅၁။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၃/၂၀၂၀) | ၂၆-၃-၂၀၂၀ |
| ၅၂။ | မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၅/၂၀၂၀) | ၆-၄-၂၀၂၀ |
| ၅၃။ | နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၃၁-၈-၂၀၂၀ |
| ၅၄။ | ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၆-၈-၂၀၂၀ |
| ၅၅။ | ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ | ၄-၈-၂၀၂၀ |

## ရုပ်သိမ်းခဲ့သည့်ဥပဒေများ

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၁။ | နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေ(၂၇/၂၀၁၆) | ၂၆-၅-၂၀၁၆ |
| ၂။ | နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ(၂၈/၂၀၁၆) | ၃၁-၅-၂၀၁၆ |
| ၃။ | ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ(၂၉/၂၀၁၆) | ၃၁-၅-၂၀၁၆ |
| ၄။ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ (၃၄/၂၀၁၆) | ၂၉-၇-၂၀၁၆ |
| ၅။ | မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ(၃၅/၂၀၁၆) | ၂၉-၇-၂၀၁၆ |
| ၆။ | အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ(၃၉/၂၀၁၆) | ၄-၁၀-၂၀၁၆ |

| စဉ် | ဥပဒေအမည် | ရက်စွဲ |
|---|---|---|
| ၇။ | ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (၁၂/၂၀၁၇) | ၁၁-၇-၂၀၁၇ |
| ၈။ | စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ(၃/၂၀၁၈) | ၂-၂-၂၀၁၈ |
| ၉။ | ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ(၅/၂၀၁၈) | ၁၃-၂-၂၀၁၈ |

## သုံးသပ်ချက်

၁၉။ ပြည်သူ့လွှတ်တော်၏ လုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှုရှိစေပြီး အချက်အလက်ကိန်းဂဏန်းများကို တတ်နိုင်သမျှ ပြည့်စုံအောင်လေ့လာ၍ သုတေသနစာတမ်းအား ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုဆွေးနွေးမှုများနှင့် ဥပဒေကြမ်း ဆွေးနွေးဆောင်ရွက်မှု အခြေအနေများ စသည်တို့ကိုဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးတစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုဆွေးနွေးဆောင်ရွက်လာသည်ကို လေ့လာတွေ့ရှိရပါသည်။ တစ်ရက်တာအတွင်း မေးခွန်းများ၊ အဆိုများ မေးမြန်းခြင်း၊ တင်သွင်းခြင်း၊ ဆွေးနွေးမှုများနှင့် ဥပဒေကြမ်းဆွေးနွေးအတည်ပြုမှု အရေအတွက်များသာမက အရည်အသွေးပိုင်းတွင်ပါ ဆက်လက် တိုးတက်လာသည့် အခြေအနေများကို တွေ့ရှိရပါသည်။

## နိဂုံး

၂၀။ ပြည်သူ့လွှတ်တော်တွင် မေးခွန်းများ၊ အဆိုများနှင့်ဥပဒေပြုမှု အရေအတွက်များပြားလာခြင်းသည် နိုင်ငံသားများ၏အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မည်သည့်နိုင်ငံရေးပါတီ နောက်ခံဖြင့် ရွေးကောက်တင်မြှောက်ခံရသည်ဖြစ်စေ၊ မည်သည့်တိုင်းရင်းသားလူမျိုးဖြစ်စေ လွှတ်တော်အတွင်း နေရာရရှိမှု အနည်းအများအပေါ် မူတည်ခြင်းမရှိဘဲ လွှတ်တော်အတွင်းတက်ကြွစွာ ပါဝင်

ဆောင်ရွက်လျှက် ရှိကြပါသည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်များနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်လျက်ရှိကြပုံကို ဤစာတမ်းတိုတွင် ပြုစုထားသော ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုပြ ကိန်းဂဏန်းများက ဖော်ပြနေပါသည်။ ဤကိန်းဂဏန်းများအပေါ် အခြေခံ၍ နောင်လွှတ်တော်များတွင် တာဝန်ထမ်းရွက်ကြသော ကိုယ်စားလှယ်များ အနေဖြင့် ဒီမိုကရေစီအလေ့အထနှင့် နိုင်ငံရေးလေ့ကျင့်ပျိုးထောင်မှုကောင်းများဖြစ်ပေါ်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါသည်။

## ရည်ညွှန်းကိုးကားစာရင်း

- အစည်းအဝေးနှင့် ကော်မတီဌာနကြီး( အစည်းအဝေး ဌာနခွဲ ၃)
- ပြည်သူ့လွှတ်တော် နည်းပညာဌာန (၁) website
- အစည်းအဝေးအစီအစဉ်
- ဥပဒေကြမ်းကော်မတီ

**ဤစာတမ်းတိုအား ဒေါ်သီတာဖြူ (လက်ထောက်ညွှန်ကြားရေးမှူး) က ကြီးကြပ်၍ လူမှုရေးနှင့် စီးပွားရေးဌာနစုမှ အမှုထမ်းတို့က တာဝန်ယူရေးသားကာ သုတေသနဌာနမှ အရာထမ်းများ အဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်း ဖြစ်ပါသည်။**

**သုတေသနဌာန**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါကအရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com